# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၁၀)

## လွတ်လပ်စွာ စုဝေးခွင့် ကို ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် အညီဘယ်လို ကျင့်သုံးမလဲ

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စည်းရုံးခွင့်၊ စုဝေးခွင့် စီတန်းလှည့်လည်ခွင့်တွေဟာ အခြေခံအကျဆုံးလူ့အခွင့်အရေးတွေအနက်က တရပ်ဖြစ်ပါတယ်။ ဘာကြောင့်သည်လို ပြောရပါသလဲ။ လူထုတွေဟာ သည်အခွင့်အရေးတွေကို လက်တွေ့ကျင့်သုံးခွင့်ရနေရင် ဆုံးရှုံးနေတဲ့အခြားအခွင့်အရေးတွေပါ တဖြေးဖြေးပြန်လည်ရရှိလာအောင် လှုပ်ရှားလုပ်ဆောင်နိုင် လို့ပါဘဲ။ ဒါနဲ့ ပတ်သက်လို့ လွတ်လပ်ရေးရပြီးစခေတ်မှာ ကျင့်သုံးခဲ့တဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအပုဒ် (၁၇) မှာ အောက်ပါအတိုင်းပြဋ္ဌာန်းထားခဲ့တယ်။ တရားဥပဒေနှင့်၄င်း၊ ငြိမ်ဝပ်ပိပြားရေးနှင့်၄င်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်၄င်း မဆန့်ကျင်လျှင် နိုင်ငံသားများသည် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲနိုင်ရမည်။

(က) မိမိတို့၏ ယုံကြည်ချက်၊ ထင်မြင်ချက်တို့ကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်သော အခွင့်အရေး
(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးနိုင်သော အခွင့်အရေး

ပြဋ္ဌာန်းချက်ရဲ့သဘောကတော့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စည်းရုံးခွင့်၊ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်တွေကို ရာနှုန်းပြည့်တော့ ကျင့်သုံးလို့မရနိုင်ဘူး။ အကန့်အသတ်နဲ့ ကျင့်သုံးရမှာဖြစ်တယ်။ အကန့်အသတ်တွေက ဘာတွေလဲ။ တရားဥပဒေနဲ့ မဆန့်ကျင်စေရဘူး။ ငြိမ်ဝပ်ပိပြားရေးနဲ့ မဆန့်ကျင်စေရဘူး။ ပြည်သူ့ကိုယ်ကျင့်တရားနဲ့ မဆန့်ကျင်စေရဘူး။ အဲဒါတွေဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲစဉ်တုံးက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း မပေါ်သေးဘူး။ လူ့အခွင့်အရေးဆိုတဲ့ စကားလုံးကို ကမ္ဘာ့ပြည်သူတွေက တရားဝင်စတင်သုံးစွဲကြခြင်းတောင် မရှိသေးပါဘူး။ ဒါပေမယ့် သည်လိုပြဋ္ဌာန်းချက်တွေ ထည့်သွင်းနိုင်တာကို ကြည့်ခြင်းအားဖြင့် ထိုစဉ်က မိမိတို့နိုင်ငံခေါင်းဆောင်တွေဟာ အမြော်အမြင်ကြီးတယ်။ အဆင့်ရှိတယ် ဆိုတာကို သက်သေပြရာရောက်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းထွက်ပေါ်လာတဲ့ အခါမှာ အခွင့်အရေးတွေကို အကန့်အသတ်နဲ့ ကျင့်သုံးရမယ့် သဘောမျိုးကို အပုဒ်၂၉(၂) မှာ ဖော်ပြထားတာ လေ့လာတွေ့ရှိရလို့ပါဘဲ။

ဒါပေမယ့် ၁၉၆၂ ခုနှစ်မှာ တိုင်းပြည်ကို စစ်တပ်က အာဏာသိမ်းခဲ့ပြီးတဲ့နောက် ပေါ်ပေါက်လာတဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ အဲသည်အကန့်အသတ်ဟာ ပြဿနာပေါ်လာပါတော့တယ်။ အဲသည်အခြေခံဥပဒေမှာ ဖော်ပြထားတဲ့ အောက်ပါပြဋ္ဌာန်းချက်ကို လေ့လာကြည့်ပါ။

ပုဒ်မ (၁၅၇) နိုင်ငံသားတိုင်း၌ လုပ်သားပြည်သူတို့၏ အကျိုးစီးပွားနှင့် ဆိုရှယ်လစ်အကျိုးစီးပွားကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာ ထုတ်ဝေခွင့် ရှိသည်။ ပုဒ်မ (၁၅၈) နိုင်ငံသားတိုင်း၌ ဥပဒေက ခွင့်ပြုထားသော နိုင်ငံရေး လူမှုရေး အဖွဲ့အစည်းများနှင့် လူထုလူတန်းစား အဖွဲ့အစည်းများတွင် လွတ်လပ်စွာပါဝင်ခွင့်၊ လွတ်လပ်စွာ စည်းရုံးခွင့်၊ လွတ်လပ်စွာစုဝေးခွင့်နှင့် လွတ်လပ်စွာ စီတန်းလှည့်လည်ခွင့်ရှိသည်။

ချုပ်ပြီးတင်ပြရရင် ၁၉၇၄အခြေခံဥပဒေအရ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စည်းရုံးခွင့်၊ စုဝေးခွင့် စီတန်းလှည့်လည်ခွင့်တွေကို ကန့်သတ်ထားတဲ့ အချက်က လုပ်သားပြည်သူတို့၏ အကျိုးစီးပွားနှင့် ဆိုရှယ်လစ်အကျိုးစီးပွားကို မဆန့်ကျင်စေရဆိုတဲ့ အချက်ဖြစ်နေပါတော့တယ်။ လုပ်သားပြည်သူတို့၏ အကျိုးစီးပွားဆိုတာဘာလဲ။

ဆိုရှယ်လစ်အကျိုးစီးပွား ဆိုတာဘာလဲ။ ဘယ်သူမှ အတိအကျ မပြောနိုင်ပါ။ မရေရာတဲ့ အကန့်အသတ်၊ အလွန်ကျယ်ဝန်းလွန်းတဲ့ အကန့်အသတ်၊ အဓိပ္ပါယ်ဖွင့်ခြင်သလိုဖွင့်နိုင်တဲ့ အကန့်အသတ်တွေ ဖြစ်နေပါတော့တယ်။

၁၉၇၄အခြေခံဥပဒေကို ပြဋ္ဌာန်းပြီးစတင်ကျင့်သုံးတဲ့ ၁၉၇၄ ခုနှစ်မှာဘဲ ဇွန်လ (၆)ရက်နေ့မှာ အလုပ်သမားဆန္ဒပြပွဲကြီး ဖြစ်ခဲ့တယ်။ စတင်ဖြစ်ပွားပုံက ရိုးရိုးကလေးပါ။ အလုပ်သမားတွေအတွက် ဆန်စပါကို ခွဲတမ်းနဲ့ ရောင်းခဲ့တဲ့ ဆိုရှယ်လစ်ခေတ်မှာ သတ်မှတ်ရောင်းချပေးတဲ့ ပမာဏဟာ အလုပ်သမားတဦးစီ စားလို့မလောက်ငှတဲ့ အတွက် တိုးတက်ရောင်းချပေးဘို့ တောင်းဆိုရာကနေ ဆန္ဒပြပွဲတွေ ဖြစ်ပွားခဲ့ခြင်းဖြစ်ပါတယ်။ ထိုစဉ်က ရန်ကုန်တိုင်း လှိုင်မြို့နယ်ချည်မျှင်နဲ့ အထည်စက်ရုံရှေ့က အလုပ်သမားဆန္ဒပြပွဲ မြင်ကွင်းကို ယခုတိုင်မှတ်မိပါသေးတယ်။ အလုပ်သမားတွေဟာ အနီရောင်ရှိတဲ့ ၁၉၇၄အခြေခံဥပဒေ စါအုပ်ကလေးတွေ ကိုယ်စီကိုင်ပြီး သူတို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ လွတ်လပ်စွာ ထုတ်ဖေါ်ပြောဆိုခွင့်၊ စည်းရုံးခွင့်၊ စုဝေးခွင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်တွေကို ကျင့်သုံးနေကြခြင်းဖြစ်တယ်လို့ လူထုကို ရှင်းပြခဲ့ကြတယ်။ ဒါပေမယ့် မကြာပါဘူး။ လုပ်သားပြည်သူတို့ရဲ့ အကျိုးစီးပွား၊ ဆိုရှယ်လစ်အကျိုးစီးပွားတွေကို ဆန့်ကျင်တယ်လို့ အကြောင်းပြပြီး မဆလ အစိုးရဟာ အလုပ်သမားဆန္ဒပြပွဲတွေကို အကြမ်းဘက်နှိမ်နင်းခဲ့တယ်။ ရန်ကုန်တိုင်း လှိုင်မြို့နယ်၊ ချည်မျှင်နှင့် အထည်စက်ရုံရှေ့မှာ အလုပ်သမားတွေရဲ့ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖေါ်မှုကို ပစ်ခတ်ဖြိုခွဲခဲ့တဲ့ အတွက်ကြောင့် သေကြေဒဏ်ရာရသူတွေ အမြောက်အများရှိခဲ့တယ်။

အဲသည်နောက်ပိုင်းကစလို့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ ဆန္ဒပြခွင့်ဆိုတာကို ဘယ်သူကမှ မတောင်းဆိုရဲကြတော့။ တောင်းဆိုလို့လည်းရနိုင်တဲ့ အခြေအနေမရှိတော့။ မဆလကိုယ်တိုင်က လူထုကိုဖိနှိပ်တဲ့၊ ဖေါက်ပြန်တဲ့ အစိုးရဖြစ်နေတဲ့ တချိန်ထဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရကို ဘောင်ခတ်ခံရပြီး ဖြစ်နေခဲ့လို့ပါဘဲ။

အခုနောက်ထပ်တကြိမ် နအဖဟာ သူ့ရဲ့အမျိုးသားညီလာခံကနေ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို မွေးထုတ်ဘို့ ကြိုးစားနေပြန်ပါပြီ။ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာ ငြိမ်းချမ်းတဲ့ လူထုဆန္ဒပြပွဲတွေ လုပ်ခွင့်ရှိနိုင်မရှိနိုင်ဆိုတာကိုလေ့လာဘို့ လိုအပ်လာပါတယ်။ လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခွင့်၊ စည်းရုံးခွင့်၊ စုဝေးခွင့် စီတန်းလှည့်လည်ခွင့်တွေနဲ့ ပတ်သက်လို့ နအဖရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေမူတွေ အနက်နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်း အပုဒ် (၁၀) မှာ အောက်ပါအတိုင်းပြဋ္ဌာန်းထားတာကို တွေ့ရတယ်။

နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ သို့မဟုတ် ပြည်သူ့ကိုယ်ကျင့်တရား အလို့ငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့် ရှိသည်။

(က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်။
(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့် စီတန်းလှည့်လည်ခွင့်

နအဖရဲ့ အဲသည် ပြဋ္ဌာန်းချက်ကို သာမန်အားဖြင့် ကြည့်လိုက်မယ်ဆိုရင် ဟုတ်သလိုလို၊ လက်ခံနိုင်ဘွယ်လိုလို မှတ်ယူစရာ ရှိနိုင်ပါတယ်။ အခွင့်အရေးတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အကန့်အသတ်နဲ့ ကျင့်သုံးဘို့ကြိုးစားထားတဲ့ နေရာမှာလဲ၊ ၁၉၄၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းကျင့်သုံးခဲ့တဲ့ ပုံစံမျိုးနဲ့အတော်ကို တူနေတဲ့ အချက်ကလည်း အံ့သြစရာပါဘဲ။ သေသေချာချာလေ့လာကြည့်တဲ့အခါမှာတော့ ပုံသဏ္ဍာန်အားဖြင့် တူပေမယ့် အနှစ်သာရအားဖြင့် လုံးဝကွဲပြားနေတယ်ဆိုတာကို တွေ့ရပါတော့တယ်။ ဘယ်နေရာမှာတူတယ် ဘယ်နေရာမှာကွဲပြားတယ်ဆိုတာကို တင်ပြလိုပါတယ်။

၁၉၄၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အခြေခံလွတ်လပ်ခွင့်တွေကို ကျင့်သုံးတဲ့နေရာမှာ ဥပဒေနဲ့ မဆန့်ကျင်စေရပါဘူး။ သည်သဘောအတိုင်းဘဲ နအဖရဲ့မူတွေမှာ ဖေါ်ပြထားပါတယ်။ ဒါက တူတဲ့အချက်ပါ။ ကွဲပြားတာ

ကတော့ ဥပဒေနဲ့ မဆန့်ကျင်စေရဘူးဆိုတဲ့အချက်ကို ၁၉၄၇ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သာမန်သဘောလောက်ဘဲ ပြဋ္ဌာန်းထားပေမယ့် နအဖရဲ့ မူတွေမှာတော့ ဘယ်လိုဥပဒေမျိုးနဲ့ မဆန့်ကျင်စေရဘူးဆိုတာကို အတိအလင်းဖေါ်ပြထားပါတော့တယ်။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ သို့မဟုတ် ပြည်သူ့ကိုယ်ကျင့်တရား အလို့ငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင် စေရဘူး ဆိုတာကိုတွေ့ရမှာဖြစ်ပါတယ်။ အဲသည်မှာ အဓိကကျတဲ့ အချက်ကတော့ နိုင်ငံတော်လုံခြုံရေးဆိုတဲ့ စကားစုဖြစ်တယ်။ လူတွေရဲ့ အခြေခံလွတ်လပ်ခွင့်တွေကို ကျင့်သုံးတဲ့နေရာမှာ နိုင်ငံတော် လုံခြုံရေးအလို့ငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်စေရဘူးလို့ ကန့်သတ်ထားတာပါဘဲ။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံသားတွေရဲ့ အခြေခံအခွင့်အရေးတွေကို ကာကွယ်စေါင့်ရှောက်ထားတဲ့ အခြေခံကနေ တိုင်းပြည်ကို စနစ်တကျ တည်ထောင်လည်ပတ်နိုင်ဘို့ ပြဋ္ဌာန်းတာဖြစ်ပါတယ်။ နိုင်ငံတော်လုံခြုံရေးဆိုတာကို အဓိကထား၊ နိုင်ငံသားတွေကို ထင်သလိုဖိနှိပ်ခွင့်ပြုပြီး တိုင်းပြည်ကိုတည်ထောင်လည်ပတ်ဘို့ ပြဋ္ဌာန်းတာမျိုးမဖြစ်စေရပါဘူး။ ဒါမျိုးကို ဖွဲ့စည်းပုံအခြေခံဥပဒေရယ်လို့ မခေါ်နိုင်ပါဘူး။ တိုင်းပြည်လွတ်လပ်ရေးရပြီးကာစ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းကျင့်သုံးတဲ့အချိန်တုံးက နိုင်ငံတော်ကို ဗဟိုပြုတဲ့ အခြေခံကနေ နိုင်ငံတော်လုံခြုံရေးကို အဓိကထားရမယ်ဆိုတဲ့ အတွေးအခေါ်အယူအဆမျိုးလဲ မရှိခဲ့ဘူး။ အဲသည် အယူအဆအပေါ်မှာ လက်တွေ့ဖေါ်ဆောင်ဘို့ ကြိုးပမ်းတဲ့ ဥပဒေမျိုးလဲ တခုတလေမျှ မပေါ်ပေါက်သေးပါဘူး။

၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းခဲ့ပြီးတဲ့နောက်ပိုင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလို့ခေါ်တဲ့ မဆလပါတီကြီးစိုးခဲ့တဲ့ခေတ်မှာ နိုင်ငံတော်ကို ဗဟိုပြုတဲ့ အယူအဆအတွေးအခေါ်ကို ချမှတ်ကျင့်သုံးခဲ့တာပါ။ အဲသည်အပေါ်မှာ အခြေခံပြီး ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုကျင့်သုံးခဲ့တဲ့အပြင် ၁၉၇၅ ခုနှစ်နိုင်ငံတော်အားနောက်ယှက်ဖျက်ဆီးသူများ၏ အန္တရာယ်မှ ကာကွယ်စေါင့်ရှောက်သည့် ဥပဒေဆိုတာကို ပြဋ္ဌာန်းပြီး လက်တွေ့ဖေါ်ဆောင်ခဲ့ပါတော့တယ်။ ယနေ့မြန်မာနိုင်ငံမှာ အုပ်ချုပ်ရေးအာဏာပိုင်တွေက သံသယရှိရုံနဲ့ နိုင်ငံတော်၏ အချုပ်အချာအာဏာနှင့် နိုင်ငံတော်လုံခြုံရေးကို ကြိုတင်ကာကွယ်ရန် ဆိုတဲ့ အကြောင်းပြချက်နဲ့ နိုင်ငံသားတွေကို တရားရုံး မတင်ဘဲ ထောင်ထဲမှာ ငါးနှစ်အထိ ချုပ်နှောင်ထားနိုင်တာဟာ အဲသည်ဥပဒေ ပါဘဲ။ သည်လိုဖေါက်ပြန်တဲ့ နိုင်ငံတော်လုံခြုံရေး ဥပဒေအရ ချုပ်နှောင်ခံထားရပြီး ကွယ်လွန်၊ ကျန်းမာရေး ချွတ်ခြုံကျ၊ ဘဝပျက်စီးနစ်နာဆုံးရှုံးသွားရတဲ့ အပြစ်ကင်းမဲ့တဲ့ နိုင်ငံသားတွေ အမြောက်အများရှိနေပါပြီ။ ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်နဲ့ လွတ်လပ်စွာစီတန်းလှည့်လည်ခွင့်ကို ကျင့်သုံးဘို့ ကြိုးစားခဲ့တဲ့ ရဟန်းသံဃာတွေ အပါအဝင်ထောင်နဲ့ ချီတဲ့အခြားနိုင်ငံရေး အကျဉ်းသားတွေဟာ သည်ဥပဒေအောက်မှာ ချုပ်နှောင်ညှင်းဆဲခံရပြီ ပုဂ္ဂိုလ်ရေးလွတ်လပ်မှု အခြေခံအခွင့်အရေးတွေ ဆုံးရှုံးနေကြရပါတယ်။

နအဖရဲ့ ဖွဲ့စည်းပုံမူတွေအရဆိုရင် အထက်မှာဖေါ်ပြခဲ့တဲ့ ၁၉၇၅ ခုနှစ် နိုင်ငံတော် အားနောက်ယှက်ဖျက်ဆီးသူများ၏ အန္တရာယ်မှ ကာကွယ်စေါင့်ရှောက်သည့် ဥပဒေဆက်လက်တည်ရှိနေမှာ ဖြစ်တဲ့အပြင် သည်ထက်ဆိုးတဲ့ ဥပဒေမျိုးကိုတောင် နိုင်ငံတော်လုံခြုံရေးဆိုတဲ့ အကြောင်းပြချက်နဲ့ ထပ်မံပြဋ္ဌာန်းပြီး နိုင်ငံသားတွေရဲ့ အခြေခံလွတ်လပ်ခွင့်တွေကို ဖိနှိပ်ခြင်သလို ဖိနှိပ်နေတော့မှာအသေအချာပါဘဲ။ ဒါကြောင့် နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ လူထုတွေ အတွက်ဘာမှရစရာမရှိ၊ နအဖ စစ်ဗိုလ်ချုပ်များက လူထုကို တရားဝင်ဖိနှိပ်၊ တိုင်းပြည်ကို ရေရှည်အုပ်ချုပ်သွားနိုင်ရေးအတွက် အုတ်မြစ်ချဘို့သာ ရှိတဲ့အကြောင်း တင်ပြလိုက်ပါတယ်။